Myanmar
RESOURCE WATCH

MYANMAR RESOURCE WATCH



“ How will a deforested Yangon face the El Nino heatwaves? ”

“ သစ်တောပြုန်းတီးနေတဲ့ မြို့တော်ရန်ကုန် အယ်လ်နီညိုအပူလှိုင်းတွေကို ဘယ်လိုရင်ဆိုင်မလဲ ”




စီးပွားရေးမြို့တော်တစ်ခုဖြစ်တဲ့ ရန်ကုန်မြို့ဟာ အထပ်မြင့်တိုက်ကြီးတွေနဲ့ လူဦးရေထူထပ်တဲ့ မြို့ကြီးတစ်မြို့ဖြစ်ပေမဲ့ စိမ်းလန်းစိုပြေတဲ့ သစ်တောတွေ၊ သစ်ပင်တွေနဲ့ ဂေဟစနစ် ဟန်ချက်ညီတာကြောင့် ရာသီဥတုမျှတပြီး သဘာဝပတ်ဝန်းကျင်လည်း ကောင်းမွန်ခဲ့ပါတယ်။ ရန်ကုန် စည်ပင်ပြင်ပ (၁၁) မြို့နယ်မှာရှိတဲ့ တောင်ကုန်းတွေ၊ ဝါးတောတွေနဲ့ စိမ်းစိုနေတဲ့ သစ်တောတွေဟာ ရန်ကုန်မြို့ရဲ့ သဘာဝအလှကို ပုံဖော်ပေးနေသလို အပူဒဏ်ကိုလည်း လျော့ပါးစေခဲ့ပါတယ်။

ဒါပေမဲ့ အခုအခါမှာတော့ အရင်ကနဲ့ အများကြီး ကွာခြားလာပါပြီ။ တစ်ချိန်က စိမ်းလန်းအေးမြခဲ့တဲ့ သစ်တောတွေ တဖြည်းဖြည်း ပျောက်ကွယ်လာပြီး အဲဒီနေရာတွေမှာ အိမ်ရာတွေ၊ အဆောက်အအုံတွေနဲ့ လူနေထိုင်ရာ နေရာတွေ တစ်စတစ်စ တိုးပွားလာပါတယ်။

သစ်တောတွေ ပျောက်ကွယ်သွားတာဟာ သစ်ပင်တွေ ဆုံးရှုံးသွားတာတစ်ခုတည်း မဟုတ်ပါဘူး။ သစ်ပင်တွေကပေးတဲ့ အရိပ်အာဝါသ၊ အေးမြတဲ့ပတ်ဝန်းကျင်နဲ့ သဘာဝရဲ့အကာအကွယ်တွေပါ တစ်ပါတည်း ဆုံးရှုံးသွားတာ ဖြစ်ပါတယ်။ အခုလို သစ်တောတွေ သိသိသာသာ လျော့နည်းလာတဲ့အချိန်မှာ ရာသီဥတု ပြောင်းလဲမှုနဲ့ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်တွေ ပိုမြင့်လာနိုင်တဲ့ အခြေအနေကလည်း ရန်ကုန်မြို့အတွက် စိုးရိမ်စရာ ဖြစ်လာပါတယ်။

လာမယ့်နွေရာသီမှာ အပူဒဏ် ပိုမိုပြင်းထန်လာနိုင်တယ်ဆိုတဲ့ ခန့်မှန်းချက်တွေ ထွက်ပေါ်နေချိန်မှာ သစ်တောတွေ အများအပြားပျောက်ကွယ်သွားတဲ့ ရန်ကုန်မြို့မှာ နေထိုင်သူတွေ အပူဒဏ်ကို ဘယ်လိုရင်ဆိုင်ကြရမလဲဆိုတဲ့ မေးခွန်းတွေရှိလာပါတယ်။





သစ်တောဧရိယာ (၉၀) ရာခိုင်နှုန်းကျော် ပျောက်ကွယ်ခဲ့တဲ့ ရန်ကုန်

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)ရဲ့ ဂြိုဟ်တုဓာတ်ပုံတွေကို အခြေခံပြီး လေ့လာဆန်းစစ် ထားတဲ့ အချက်အလက်တွေအရ ၂၀၂၁ ခုနှစ်ကစပြီး ရန်ကုန်မြို့မြောက်ဘက် ဆင်ခြေဖုံးဒေသတွေမှာ သစ်တောပြုန်းတီးမှုနှုန်း သိသိသာသာ မြန်ဆန်လာခဲ့ပါတယ်။ လက်ရှိ သစ်တောပြုန်းတီးမှုရဲ့ နှစ်စဉ်ပျမ်းမျှနှုန်းဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်နှစ်ခုအတွင်းက ပျမ်းမျှနှုန်းထက် သုံးဆအထိ မြင့်တက် လာခဲ့တယ်လို့ လေ့လာချက်မှာ ဖော်ပြထားပါတယ်။

လှည်းကူး၊ တိုက်ကြီးနဲ့ မှော်ဘီမြို့နယ်တွေမှာ ၂၀၀၀ ပြည့်နှစ်ကစပြီး သစ်တောဖုံးလွှမ်းမှု (ဧက) ရာခိုင်နှုန်းအထိ ဆုံးရှုံးခဲ့ရပါတယ်။ ဆုံးရှုံးသွားတဲ့ သစ်တောဧရိယာဟာ စတုရန်းကီလိုမီတာ (၎၆၎)အထိ ရှိပြီး ဘောလုံးကွင်းပေါင်း (၆၅,၀၀၀)လောက်နဲ့ ညီမျှပါတယ်။ လှည်းကူးမြို့နယ်တစ်ခုတည်းမှာတင် သစ်တောဧရိယာ (၉၀)ရာခိုင်နှုန်းကျော် ပျောက်ကွယ်သွားခဲ့တယ်လို့ သိရပါတယ်။

ဒီကိန်းဂဏန်းတွေကို ကြည့်ရင် ရန်ကုန်မြောက်ပိုင်းမှာ သစ်တောတွေ ဘယ်လောက်အထိ ဆုံးရှုံးသွားပြီလဲဆိုတာ မြင်နိုင်ပါတယ်။ တစ်ချိန်က သစ်ပင်တွေရဲ့ အရိပ်အောက်မှာ အေးမြနေခဲ့တဲ့ နေရာတွေဟာ အခုအခါ အပူချိန်မြင့်တက်မှုကို ပိုမိုခံစားလာရတဲ့ ဒေသတွေ ဖြစ်လာနေပါတယ်။

လေ့လာချက်တွေအရ သစ်တောတွေ လျော့နည်းသွားတဲ့ အဲဒီဒေသတွေမှာ အပူချိန်ဟာ ၁ ဒသမ ၇ ဒီဂရီ ဆဲလ်စီးယပ်အထိ မြင့်တက်လာခဲ့ပါတယ်။





သစ်ပင်တွေဟာ နေရောင်ခြည်ကို တိုက်ရိုက် မထိအောင် အရိပ်ပေးထားသလို သစ်ရွက်တွေကနေ ရေငွေ့ထုတ်လွှတ်တဲ့ ဖြစ်စဉ်ကြောင့်လည်း ပတ်ဝန်းကျင်ကို အေးမြစေပါတယ်။ သစ်တောတွေ ပျောက်ကွယ်သွားတဲ့အခါ အဲဒီလို သဘာဝအတိုင်း အပူချိန်ကို လျှော့ချပေးနိုင်တဲ့ အကာအကွယ်တွေပါ လျော့နည်းသွားပါတယ်။

အထူးသဖြင့် သစ်တောတွေကို ရှင်းလင်းပြီး အဆောက်အအုံတွေ၊ လမ်းတွေ၊ ကွန်ကရစ်မြေပြင်တွေနဲ့ အစားထိုးလာတဲ့အခါ နေရောင်ခြည်ကနေ ရရှိတဲ့အပူတွေကို မြေပြင်နဲ့ အဆောက်အအုံတွေက စုပ်ယူထားနိုင်ပါတယ်။ အဲဒီအပူတွေကြောင့် နေ့ခင်းဘက်သာမက ညဘက်မှာပါ ပူနွေးနေတတ်ပါတယ်။

ဒါကြောင့် သစ်တောပြုန်းတီးမှုဟာ သဘာဝပတ်ဝန်းကျင်နဲ့ သစ်တောဂေဟစနစ်ကို ထိခိုက်စေနိုင်ရုံသာမကဘဲ ဒေသခံတွေရဲ့ နေ့စဉ်ဘဝနဲ့ ကျန်းမာရေးအပေါ်မှာပါ သက်ရောက်မှုရှိလာနိုင်ပါတယ်။

မကြုံဆိုသော်လည်း ရောက်လာတော့မယ့် အယ်လ်နီညို

သစ်တောတွေ ဆုံးရှုံးလာတဲ့အပြင် အခုအခါမှာ အယ်လ်နီညိုဖြစ်စဉ်နဲ့ ပတ်သက်တဲ့ ခန့်မှန်းချက်တွေကြောင့်လည်း လာမယ့်နွေရာသီအတွက် စိုးရိမ်မှုတွေ ပိုများလာပါတယ်။

အယ်လ်နီညိုဆိုတာ ပစိဖိတ်သမုဒ္ဒရာ အပူပိုင်းဒေသရဲ့ ပင်လယ်ရေမျက်နှာပြင်အပူချိန် ပုံမှန်ထက် မြင့်တက်လာတဲ့အခါ ဖြစ်ပေါ်တတ်တဲ့ သဘာဝရာသီဥတု ဖြစ်စဉ်တစ်ခုပါ။ ဒီဖြစ်စဉ်က ကမ္ဘာတစ်ဝန်း ရာသီဥတုပုံစံတွေကို သက်ရောက်စေနိုင်ပြီး တချို့ဒေသတွေမှာ အပူချိန် မြင့်တက်တာ၊ မိုးခေါင်တာနဲ့ ရေရှားပါးတာတွေ ဖြစ်ပေါ်စေနိုင်ပါတယ်။





စူပါအယ်လ်နီညိုလို့ ခေါ်ဆိုကြတဲ့ အခြေအနေဟာ လည်း အယ်လ်နီညိုဖြစ်စဉ် အားကောင်းလာတဲ့အခါ အသုံး ပြုကြတဲ့ အသုံးအနှုန်းဖြစ်ပါတယ်။ ဒါပေမဲ့ စူပါအယ်လ်နီညို ဖြစ်ပေါ်မယ်၊ ဘယ်လောက်အထိ ပြင်းထန်မယ်ဆိုတာနဲ့ ဒေသတစ်ခုချင်းစီအပေါ် ဘယ်လိုသက်ရောက်မယ် ဆိုတာ ကိုတော့ သက်ဆိုင်ရာ သိပ္ပံဆိုင်ရာခန့်မှန်းချက်တွေကို စောင့် ကြည့်ဖို့ လိုအပ်ပါတယ်။

မြန်မာနိုင်ငံမှာလည်း အပူချိန်မြင့်တက်လာနိုင်တဲ့ အခြေအနေတွေကို စောင့်ကြည့်နေကြပါတယ်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရဲ့ ထုတ်ပြန်ချက်အရ အောက်တိုဘာ ၁၁ ရက်ကနေ ၂၀ ရက်အထိ နေပြည်တော်၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနဲ့ စစ်ကိုင်းတိုင်းတို့မှာ နေ့အပူချိန်ဟာ ပုံမှန်ထက် ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်အထိ ပိုမိုမြင့်တက်လာနိုင်တယ်လို့ ဖော်ပြ ထားပါတယ်။

ဒီထုတ်ပြန်ချက်ဟာ အောက်တိုဘာလအတွင်း အပူချိန်အခြေအနေကို ရည်ညွှန်းတာဖြစ်ပေမဲ့ လာမယ့် လတွေ မှာလည်း ရာသီဥတုအခြေအနေတွေကို ဆက်လက်စောင့်ကြည့်ဖို့ လိုအပ်နေပါတယ်။

အထူးသဖြင့် လာမယ့်နှစ်ဝင်ဘာနဲ့ ဒီဇင်ဘာလ တွေမှာ စူပါအယ်လ်နီညိုဖြစ်စဉ် အားကောင်းလာနိုင် တယ်ဆိုတဲ့ ခန့်မှန်းချက်တွေ ထွက်ပေါ်နေတဲ့အတွက် မြန်မာနိုင်ငံမှာ အပူချိန်မြင့်တက်မှုနဲ့ မိုးရွာသွန်းမှု ပုံစံ ပြောင်းလဲတာတွေ ဖြစ်လာနိုင်ခြေကို အလေးထားဖို့ လို အပ်ပါတယ်။



အပူဒဏ်ကြောင့် လူ (၁,၂၀၀) ခန့် သေဆုံးနိုင်



အပူချိန်မြင့်တက်လာတာဟာ လူ့အသက်အန္တရာယ်နဲ့လည်း တိုက်ရိုက်ဆက်စပ်နေပါတယ်။ ရာသီဥတုဆိုင်ရာ သုတေသနအဖွဲ့ (Climate Impact Lab)ရဲ့ ခန့်မှန်းချက်အရ စူပါအယ်လ်နီညိုနဲ့ ဆက်စပ်တဲ့ အပူဒဏ်ကြောင့် မြန်မာနိုင်ငံမှာ ၂၀၂၆ ခုနှစ် စက်တင်ဘာလကနေ ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလအထိ ခြောက်လအတွင်း လူ (၁,၂၀၀) ခန့် သေဆုံးနိုင်တယ်လို့ ဖော်ပြထားပါတယ်။

သုတေသနစာတမ်းမှာ မြန်မာနိုင်ငံအတွက် ခန့်မှန်းထားတဲ့ သေဆုံးသူအရေအတွက်ဟာ (၉၀) ဦးခန့် အတိုးအလျှော့ရှိနိုင်တယ်လို့လည်း သုံးသပ်ထားပါတယ်။


ဒီခန့်မှန်းချက်အရ မြန်မာနိုင်ငံဟာ စူပါအယ်လ်နီညိုနဲ့ ဆက်စပ်တဲ့ အပူဒဏ်ကြောင့် ခြောက်လအတွင်း သေဆုံးမှု အများဆုံးဖြစ်နိုင်တဲ့ နိုင်ငံ (၅၀) စာရင်းမှာ ပါဝင်နေပါတယ်။ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယမှာ လူ (၁၅,၈၀၀)ခန့်နဲ့ ထိုင်းနိုင်ငံမှာ လူ (၅,၀၀၀)ခန့် သေဆုံးနိုင်တယ်လို့လည်း သုတေသနမှာ ခန့်မှန်းထားပါတယ်။



ဒါပေမဲ့ ဒီကိန်းဂဏန်းတွေဟာ သုတေသနအပေါ် အခြေခံထားတဲ့ ခန့်မှန်းချက်တွေဖြစ်ပြီး တကယ်တမ်း သေဆုံးမှုအရေအတွက်ကို ကြိုတင်အတည်ပြု ထားတာတော့ မဟုတ်ပါဘူး။ အပူချိန် ဘယ်လောက်မြင့် တက်မလဲ၊ အပူဒဏ်ကို ကာကွယ်နိုင်ဖို့ ဘယ်လောက်အထိ ပြင်ဆင်ထားနိုင်မလဲဆိုတဲ့ အချက်တွေပေါ်မှာ ရလဒ်တွေ မူတည်နိုင်ပါတယ်။

ဒါ့အပြင် အခုခန့်မှန်းချက်မှာ ဖော်ပြထားတဲ့ ကာလဟာ ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလအထိသာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အပူချိန် ပိုမိုမြင့်တက်လာတတ်တဲ့ နွေရာသီကာလအတွင်း အယ်လ်နီညိုရဲ့ သက်ရောက်မှုကြောင့် သေဆုံးမှုအရေအတွက် ဘယ်လောက်အထိ တိုးလာနိုင်မလဲဆိုတာကိုတော့ အခုသုတေသနမှာ ထည့်သွင်းတွက်ချက်ထားတာ မရှိသေးဘူးလို့ ဖော်ပြထားပါတယ်။







ဂြိုဟ်ထုဓာတ်ပုံတွေထက် စောကာ အပူဒဏ်ကို ခံစားနေကြတဲ့ ဒေသခံတွေ

သစ်တောပြုန်းတီးမှုနဲ့ အပူခိုန်မြင့်တက်လာမှုတွေ အကြောင်းကို ဂြိုဟ်တုဓာတ်ပုံတွေနဲ့ သုတေသန ကိန်းဂဏန်းတွေကတစ်ဆင့် သိနိုင်ပေမဲ့ အဲဒီဒေသမှာ နှစ်ပေါင်းများစွာ နေထိုင်လာသူတွေကတော့ ဒီပြောင်းလဲမှုတွေကိုစတင် ခံစားနေကြရပြီဖြစ်ပါတယ်။


အသက် (၂၀)ကျော်အရွယ် မသန္တာဟာ ရန်ကုန် မြို့မြောက်ပိုင်းက မြို့နယ်တစ်ခုမှာ ကြီးပြင်းလာသူပါ။ သူငယ်ငယ်တုန်းက အနီးအနားက တောင်ကုန်းတစ်ခုဆီ တက်သွားတဲ့ လမ်းတစ်လမ်းကို အခုထိ မှတ်မိနေဆဲ ဖြစ်ပါတယ်။

အပူဒဏ်ကြောင့် ရေဓာတ်ခန်းခြောက်တာ၊ အပူရှပ်တာနဲ့ ကိုယ်ခန္ဓာရဲ့အပူခိုန်ကို ထိန်းညှိနိုင်စွမ်း ကျဆင်းလာတာတွေ ဖြစ်ပွားနိုင်ပါတယ်။ အထူးသဖြင့် သက်ကြီးရွယ်အိုတွေ၊ ကလေးငယ်တွေ၊ နာတာရှည်ရောဂါရှိသူတွေနဲ့ နေပူထဲမှာ အလုပ်လုပ်ရသူတွေဟာ အပူဒဏ်ကြောင့် ကျန်းမာရေးထိခိုက်နိုင်ခြေ ပိုများပါတယ်။

ဒါကြောင့် အပူခိုန်မြင့်တက်လာမှ အရေးပေါ်တုံ့ပြန်တာမျိုးမဟုတ်ဘဲ အပူဒဏ် မပြင်းထန်ခင်ကတည်းက ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်ပါတယ်။ အပူဒဏ် သတိပေးစနစ်တွေ၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ သောက်သုံးရေရရှိရေးနဲ့ အပူဒဏ်ကို အထူးခံစားရနိုင်သူတွေကို ကူညီစောင့်ရှောက်နိုင်မယ့် အစီအစဉ်တွေ ရှိထားဖို့လည်း အရေးကြီးပါတယ်။







အဲဒီလမ်းတစ်လျှောက်မှာ ဝါးပင်တွေနဲ့ သစ်ပင်တွေ ထူထပ်စွာ ပေါက်ရောက်နေပြီး အရိပ်အာဝါသလည်း ကောင်းခဲ့ပါတယ်။ သစ်ပင်တွေကြောင့် ပတ်ဝန်းကျင် တစ်ခုလုံး အေးမြနေသလို ခံစားရတယ်လို့ မသန္ဆာက သူ့ရဲ့ ငယ်ဘဝအမှတ်တရကို ပြန်ပြောင်းပြောပြပါတယ်။

ဒါပေမဲ့ အခုအချိန်မှာတော့ အဲဒီဒေသရဲ့ မြင်ကွင်းဟာ အရင်ကနဲ့ မတူတော့ပါဘူး။

"အခုတော့ အိမ်တွေလည်း ပိုများလာတယ်။ ဘုန်းကြီးကျောင်းတွေလည်း ပိုများလာတယ်။ သစ်တောတွေကတော့ မရှိသလောက်ကို ဖြစ်သွားပြီ" လို့ မသန္ဆာက ပြောပါတယ်။

မသန္ဆာတစ်ယောက်တည်းသာ အခုလို ပြောင်းလဲမှုတွေကို သတိထားမိတာ မဟုတ်ပါဘူး။ သူ့ထက် အသက်ကြီးတဲ့ အိမ်နီးချင်းတွေကလည်း အရင်က အဲဒီဒေသမှာ သစ်ပင်ကြီးတွေ အများအပြား ပေါက်ရောက်နေပြီး မြေပြင်တစ်ခုလုံးကို သစ်ပင်တွေက ဖုံးလွှမ်းထားခဲ့တဲ့ အခြေအနေတွေကို မှတ်မိနေကြဆဲပါပဲ။

အရင်က မိုးရွာပြီးနောက် စိုစွတ်နေတဲ့ မြေကြီးထဲကနေ ဝါးမျစ်တွေ ထိုးထွက်လာတတ်သလို ချောင်းရေတွေလည်း ကြည်လင်နေခဲ့တယ်လို့ ဒေသခံတွေက ပြန်ပြောပြကြပါတယ်။ ဒါ့အပြင် တောရိုင်းဆင်တွေ သစ်တောတွေထဲမှာ လှည့်လည်သွားလာနေခဲ့ကြတာကိုလည်း သူတို့မှတ်မိနေကြဆဲ ဖြစ်ပါတယ်။

ဒီအမှတ်တရတွေဟာ အရင်က သစ်တောတွေ ဘယ်လောက်စိမ်းစိုခဲ့တယ်၊ သဘာဝပတ်ဝန်းကျင်က ဘယ်လိုရှိခဲ့တယ် ဆိုတာကို ပြန်လည်ဖော်ပြပေးနေပါတယ်။



ကြိုဟ်တုဓာတ်ပုံတွေက သစ်တောဧရိယာ ဘယ်လောက်လျော့နည်းသွားတယ်၊ ဘယ်နေရာတွေမှာ အပူခိုန်မြင့်တက်လာတယ်ဆိုတာကို ပြသပေးနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီဒေသတွေမှာ တစ်ခိုန်က ဘယ်လို သဘာဝပတ်ဝန်းကျင်မျိုး ရှိခဲ့တယ်၊ သစ်တောတွေ ပျောက်ကွယ်သွားတာက လူတွေရဲ့ နေ့စဉ်ဘဝကို ဘယ်လိုပြောင်းလဲစေခဲ့တယ်ဆိုတာကိုတော့ ဒေသခံတွေရဲ့ အတွေ့အကြုံနဲ့ အမှတ်တရတွေက ပိုပြီး အသက်ဝင်အောင် ဖော်ပြပေးနိုင်ပါတယ်။



ရန်ကုန်အတွက် လိုအပ်နေတဲ့ သစ်ပင်တွေ

ရန်ကုန်မြောက်ပိုင်းမှာ သစ်တောတွေ အများအပြား ပျောက်ကွယ်သွားတာကို သစ်ပင်အရေအတွက် လျော့နည်းသွားတယ်ဆိုတဲ့ အချက်တစ်ခုတည်းနဲ့ ကြည့်လို့မရပါဘူး။



အထူးသဖြင့် ရန်ကုန်လို လူဦးရေထူထပ်ပြီး အဆောက်အအုံတွေ များပြားလာတဲ့ မြို့တစ်မြို့မှာ သစ်ပင်တွေနဲ့ စိမ်းလန်းတဲ့နေရာတွေ ရှိနေဖို့ဟာ အလှအပအတွက်သာ မဟုတ်ပါဘူး။ မြို့ပြအပူခိုန်ကို လျှော့ချဖို့၊ လူတွေအနားယူနိုင်မယ့် အရိပ်အာဝါသကောင်းတဲ့ နေရာတွေရရှိဖို့နဲ့ ပိုမိုကျန်းမာတဲ့ ပတ်ဝန်းကျင်တစ်ခု ဖန်တီးဖို့ အတွက်လည်း လိုအပ်ပါတယ်။

ဒါကြောင့် သစ်တောတွေကို ထိန်းသိမ်းဖို့နဲ့ သစ်ပင်တွေ ပြန်လည်စိုက်ပျိုးဖို့ လိုအပ်ပါတယ်။ ဒါပေမဲ့ သစ်ပင်စိုက်ပျိုးတာတစ်ခုတည်းနဲ့ လုံလောက်မှာ မဟုတ်ပါဘူး။ ရှိပြီးသား သစ်တောတွေကို မပျက်စီးအောင်ကာကွယ်ဖို့၊ သစ်တောမြေ အသုံးပြုတဲ့အခါ ရေရှည်အကျိုးဆက်တွေကို ထည့်သွင်းစဉ်းစားဖို့နဲ့ မြို့ပြစီမံကိန်းတွေမှာ စိမ်းလန်းတဲ့နေရာတွေကို မဖြစ်မနေ ထည့်သွင်းစီစဉ်ဖို့လည်း လိုအပ်ပါတယ်။

လာမယ့်နွေရာသီမှာ အပူချိန်ဘယ်လောက်အထိ မြင့်တက်လာမလဲဆိုတာကို အခုအချိန်မှာ အတိအကျ ပြောလို့ မရသေးပါဘူး။ စူပါအယ်လ်နီညိုနဲ့ ပတ်သက်တဲ့ ခန့်မှန်းချက်တွေကိုလည်း သိပ်မဆိုင်ရာ အချက်အလက်တွေအပေါ် အခြေခံပြီး ဆက်လက်စောင့်ကြည့်ဖို့ လိုပါတယ်။

ဒါပေမဲ့ သေချာတာတစ်ခုကတော့ သစ်တောတွေဆုံးရှုံးသွားတာရဲ့ အကျိုးဆက်တွေကို လျစ်လျူရှုထားလို့ မရတော့ဘူးဆိုတာပါပဲ။



တစ်ချိန်က ဝါးတောတွေနဲ့ သစ်ပင်ကြီးတွေ ထူထပ်စွာ ပေါက်ရောက်ခဲ့တဲ့ ရန်ကုန်မြောက်ပိုင်း ဒေသတွေမှာ အခုအခါ အိမ်တွေနဲ့ အဆောက်အအုံတွေ ပိုများလာနေပါတယ်။ သစ်တောတွေ ပျောက်ကွယ်သွားတာနဲ့အမျှ အေးမြတဲ့ပတ်ဝန်းကျင်၊ ရေမြေသဘာဝနဲ့ တောရိုင်းတိရစ္ဆာန်တွေ ရှင်သန်နေထိုင်ရာ နေရာတွေလည်း တဖြည်းဖြည်း ပျောက်ကွယ်လာနေပါတယ်။



လာမယ့် နွေရာသီအပူဒဏ်ကို ရင်ဆိုင်ဖို့ဆိုတာ အပူချိန်မြင့်တက်လာတဲ့အခါ အရိပ်ရှာတာ၊ ရေများများသောက်တာနဲ့ အပူဒဏ်ကာကွယ်ရေး အစီအစဉ်တွေ လုပ်ဆောင်တာလောက်နဲ့ မပြီးပါဘူး။ ရေရှည်မှာ အပူချိန်မြင့်တက်မှုကို ပိုမိုခံနိုင်ရည်ရှိတဲ့ ပတ်ဝန်းကျင်တစ်ခုတည်ဆောက်ဖို့လည်း လိုအပ်ပါတယ်။

အဲဒီအတွက် သစ်တောတွေကို ကာကွယ်ထိန်းသိမ်းဖို့၊ သစ်ပင်တွေ ပြန်လည်စိုက်ပျိုးဖို့နဲ့ သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဖို့ လိုအပ်နေပါတယ်။

သစ်တောတွေကို ဆုံးရှုံးလိုက်ရတာဟာ သစ်ပင်တွေပျောက်ကွယ်သွားတာတင် မဟုတ်ပါဘူး။ နောင်လာမယ့် မျိုးဆက်တွေအတွက် သဘာဝကပေးထားတဲ့ အေးမြတဲ့ပတ်ဝန်းကျင်တစ်ခုကိုပါ ဆုံးရှုံးသွားရခြင်းပဲ ဖြစ်ပါတော့တယ်။